ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**

ဆဋ္ဌမနေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးရဲ့ ဆဋ္ဌမနေ့အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၁၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၅.၉၈) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးရဲ့ ဆဋ္ဌမနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ပြုလုပ်ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ ၁၇-၂-၂၀၁၆ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်

အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ (၁) ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ခွင့်(၁)ရက်။ (၂) ဦးသန်းစိုး၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)၊ ခွင့်(၃)ရက် တို့ဖြစ်ပါတယ်။ ယခင်က ခွင့်တိုင်ကြားသဖြင့် ခွင့်ပြုထားသူ (၇)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၂)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၉)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူများကို ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၇)ဦး ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၉)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ နိုင်ငံတကာ ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကို လည်းကောင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း နှင့် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေး နှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး ပဉ္စမနေ့ (၁၆-၂-၂၀၁၆)ရက်နေ့ အစည်းအဝေးတွင် အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၊ အတွင်းရေးမှူးအဖြစ် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ နှင့် အဖွဲ့ဝင်များအဖြစ် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဂျေယောဝူ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခွန်သိန်းဖေ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးချစ်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးရဲမြင့်စိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းအုန်းကျော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးနိုင်ကိုကို၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင်နှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇဝန တို့အား တာဝန်ပေးဖွဲ့စည်းရန် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်သို့ အသိပေး တင်ပြခဲ့ပါတယ်။

ဒီတင်ပြချက်ကို သဘောတူ/မတူ လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းတဲ့ တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့ (၁၆-၂-၂၀၁၆) ရက်နေ့ အစည်းအဝေးတွင် အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး၊ အတွင်းရေးမှူးအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုးနှင့် အဖွဲ့ဝင်များအဖြစ် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှေးရယ်ရှုမောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်နော်ဆာမူထူး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးတင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးညီညီထွေး(ခ)ဦးကိုကိုလေး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) မှ ဦးစိုးအောင် နှင့် တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်စံဦး တို့အား တာဝန်ပေး ဖွဲ့စည်းရန်နှင့် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကို လွှတ်တော်သို့ အသိပေး တင်ပြခဲ့ပါတယ်။

ဒီတင်ပြချက်ကို သဘောတူ မတူ လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း တို့နှင့် စပ်လျဉ်းသည့် တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လည်းကောင်း၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့(၁၆-၂-၂၀၁၆)ရက်နေ့ အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌအဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း၊ အတွင်းရေးမှူးအဖြစ် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ် နှင့် အဖွဲ့ဝင်များအဖြစ် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဝင်းဇော်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်လွီးဇာ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေးတင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၊ တနင်္သာရီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာလင်းဝေဖြိုးလတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာစန်းမောင်မောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာ ကျော်သန်းထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမိုင်းအုဏ်းခိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာ ပြည့်ဖြိုး နှင့် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးဇော်ထွန်း တို့အား တာဝန်ပေးဖွဲ့စည်းရန်နှင့် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း တို့ကို လွှတ်တော်သို့ အသိပေး တင်ပြခဲ့ပါတယ်။

ဒီတင်ပြချက်ကို သဘောတူ မတူ လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှု ဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း တဲ့တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တိုင်းရင်းသားရေးရာကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသား

လူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကိုလည်း လေ့လာတင်ပြစေရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ် ဖွဲ့စည်းနိုင်ပါတယ်။

ဒါကြောင့် တိုင်းရင်းသားရေးရာကော်မတီကို (၁၅)ဦးထက်မပိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းမှာဖြစ်ပြီး ကော်မတီမှာပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ် ပါဝင်သင့်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့အမည်စာရင်း၊ ကော်မတီကို တာဝန်ယူဦးဆောင်မယ့် ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းများကို လွှတ်တော်မှာတင်ပြပြီး အတည်ပြုချက် ရယူဖွဲ့စည်းရမှာဖြစ်ပါတယ်။

ဖွဲ့စည်းခြင်းနဲ့ တစ်ဆက်တည်းမှာပဲ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ ကော်မတီရဲ့ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နဲ့ သက်တမ်းများကို လွှတ်တော်က သတ်မှတ်ပေးရန် လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီကို (၁၅)ဦးနဲ့ ဖွဲ့စည်းရန် လျာထားကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက တိုင်းရင်းသားရေးရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်က သတ်မှတ်ပေးမယ့် တိုင်းရင်းသားရေးရာကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ကော်မတီဝင်များရဲ့ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ရှီလာနန်တောင်(ခ) အမ်နန်တောင် အား ရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဒေါ်ရှီလာနန်တောင်(ခ) အမ်နန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ တိုင်းရင်းသားရေးရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားခြင်း။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှင်။ ကျွန်မကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရှီလာနန်တောင်(ခ) အမ်နန်တောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၏ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်တွင် တိုင်းရင်းသားရေးရာ ကော်မတီနဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြ သွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ တိုင်းရင်းသားရေးရာ ကော်မတီရဲ့ တာဝန်ဝတ္တရားများကို ရှင်းလင်း တင်ပြပါမယ်။

ကော်မတီသည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ အားလုံးသည် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစွာမွေးမြူလျက် ထာဝစဉ် စည်းလုံးညီညွတ်စွာနဲ့ အေးချမ်းသာယာစွာ အေးအတူပူအမျှ ဥမကွဲ သိုက်မပျက်ဘဲ အစဉ်ထာဝရ

လက်တွဲနေထိုင်သွားရေးအတွက် ပင်လုံစိတ်ဓာတ် အရင်းခံ၍ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှုနဲ့ အပြန်အလှန် နားလည်မှုများ ပိုမို တည်ဆောက်နိုင်ရန် ကြိုးပမ်းပေးရပါမယ်။ တိုင်းရင်းသားများသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ မိမိတို့ရရှိထိုက်သည့် မူလအခွင့်အရေးများရရှိရန်နဲ့ တာဝန်ဝတ္တရားများကို လေးစားလိုက်နာ နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးရပါမယ်။ တိုင်းရင်းသားလူမျိုးများ၏ ဘာသာ၊ စာပေ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ ဖော်ထုတ်ပျိုးထောင်ပေးရပါမယ်။

ပြည်ထောင်စုအစိုးရအဖွဲ့မှ ဖွဲ့စည်းထားသော ပြည်တွင်းငြိမ်းချမ်းရေးကော်မတီ၊ ကော်မရှင် များနဲ့လည်းကောင်း၊ ကော်မတီလုပ်ငန်းနဲ့သက်ဆိုင်သော ပြည်ထောင်စုအဆင့် အစိုးရဌာနများ၊ ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့်လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးညှိနှိုင်း၍ လုပ်ငန်း၏ ရည်ရွယ်ချက်များကို ဖော်ဆောင်ပေးရပါမယ်။ ငြိမ်းချမ်း ရေးဖော်ဆောင်မှုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ကောင်းကျိုး၊ ဆိုးကျိုး သက်ရောက်မှုရှိအောင် ဆောင်ရွက်နေသည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ အခြေအနေကို လေ့လာသုံးသပ်တင်ပြပေးရပါ မယ်။ တိုင်းဒေသကြီး ပြည်နယ်အတွင်း အရေးကိစ္စများပေါ်ပေါက်လာပါက လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်ရရှိလျှင် ပြည်ထောင်စုအစိုးရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတို့နဲ့ ညှိနှိုင်း ရန်နှင့် လေ့လာတင်ပြရန် လိုအပ်လာပါက သင့်လျော်သည့်ကော်မတီဝင် အရေအတွက်ဖြင့် သွားရောက် ဆောင်ရွက်ပေးရပါမယ်။

ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသည့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်ဖြင့် ပါဝင်သော လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရ ပါမယ်။ တိုင်းရင်းသားလူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် အယူအဆများ မှန်ကန်ရေးနဲ့ ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရပါမယ်။ ပြည်တွင်းပြည်ပ အဖျက် အမှောင့်မှန်သမျှ တိုင်းရင်းသားလူမျိုးအားလုံးမှ အသိစိတ်ဓာတ် ရှိရှိဖြင့် ဝိုင်းဝန်းဖော်ထုတ်နိုင်ရေးနဲ့ ကျရောက်လာသည့် ဘေးအန္တရာယ်များကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ ပူးပေါင်း ကာကွယ်ကြရန် ဆောက်ရွက်ရပါမယ်။

နိုင်ငံတော်တွင် ပြည်ထောင်စုအရေးနှင့် ပတ်သက်လာလျှင် တိုင်းရင်းသားလူမျိုးများ အားလုံးတို့က ပြည်ထောင်စုအရေးကို အဓိကနှင့် ပဓာနကျသော လုပ်ဆောင်ရမည့် တာဝန် ဝတ္တရားအဖြစ် ခံယူနိုင်ရေးတို့ကို ဆောင်ရွက်ရပါမယ်။ လုပ်ငန်းဆောင်ရွက်ပြီးစီးတိုင်း လွှတ်တော်ဥက္ကဋ⊞ဌထံသို့ အစီရင်ခံစာ တင်ပြခြင်းနှင့် ကော်မတီ၏ အစီရင်ခံစာကို အခါအားလျော်စွာ လွှတ်တော်သို့ တင်ပြပေးရပါမယ်။

ဆက်လက်ပြီး ကော်မတီ၏ လုပ်ပိုင်ခွင့်များကို ရှင်းလင်းတင်ပြပါမယ်။ တိုင်းရင်းသားရေးရာ ကော်မတီသည် အဖွဲ့ခွဲ၍ဖြစ်စေ၊ သင့်လျော်သောပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ၊ တိုင်းရင်းသားလူမျိုးများ အစုလိုက်ရှိအသင်းအဖွဲ့များသို့ သွားရောက်တွေ့ဆုံခြင်း၊ မေးမြန်းဆွေးနွေး ခြင်းများကို လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်နိုင်ပါသည်။ တိုင်းရင်းသားလူမျိုးစု အလိုက်ရှိသော အသင်းအဖွဲ့များနှင့်ပတ်သက်၍ ကော်မတီသည် လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးခြင်း၊

အခက်အခဲနှင့် လိုအပ်ချက်များကို မေးမြန်းခြင်း၊ ဥပဒေနဲ့ ညီညွတ်သော အကြံဉာဏ်များ ပေးခြင်း ၊ လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်းများ ပြုလုပ်ဆောင်ရွက်ရပါမည်။ တိုင်းရင်းသားလူမျိုး အသင်းအဖွဲ့များနဲ့ တွေ့ဆုံဆွေးနွေးဆောင်ရွက်ချက်များကို အရေးပါမှုအပေါ် အခြေပြုပြီး ဦးစားပေးမှု အလိုက် လွှတ်တော် ဥက္ကဋ္ဌထံ အစီရင်ခံတင်ပြရပါမယ်။ ကော်မတီသည် ပြည်ပနိုင်ငံများသို့ ရောက်ရှိနေ သော တိုင်းရင်းသားရေးရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်လိုခြင်း၊ တွေ့ဆုံဆွေးနွေးလိုခြင်း၊ အကြံဉာဏ်များ ပေးခြင်း၊ အကြံဉာဏ်များ ရယူခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ သွားရောက်လေ့လာလိုခြင်းများ ပြုလုပ်လိုပါက လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ကို ရယူဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ရပိုင်ခွင့်နှင့်စပ်လျဉ်း၍ ဆက်လက်တင်ပြပါမယ်။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ အစည်းအဝေး တက်ရောက်ရန် ကော်မတီ ရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာတွင်လည်းကောင်း ၎င်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့် ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိပါတယ်။ ဒါ့အပြင် ကော်မတီဝင်များက ကော်မတီ အစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေ တစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့် ရှိပါတယ်။ ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့် ရှိပါတယ်။ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်း ခံရပါက ပြစ်ဒဏ်စီရင်ခြင်း မခံရမီ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့် စသည့် အခွင့်အရေးများကိုလည်း ရရှိပါတယ်။ သက်တမ်းမှာ ကော်မတီ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လွှတ်တော် ဥက္ကဋ္ဌက လိုအပ်ပါက ကော်မတီအမည်ပြင်ဆင်ခြင်း ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးရေးတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါသည်။ အားလုံးပဲ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တိုင်းရင်းသားရေးရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ တို့အရ တိုင်းရင်းသားရေးရာကော်မတီကို လွှတ်တော် ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူး တို့ရဲ့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါ့မယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းရင်းသားရေးရာကော်မတီကို (၁၅)ဦးနဲ့ ဖွဲ့စည်းမှာဖြစ်ပြီး ကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်ရှီလာနန်တောင်

(ခ) အမ်နန်တောင် အား လည်းကောင်း၊ အတွင်းရေးမှူး အဖြစ် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခွန်သိန်းဖေ အား လည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည် ဖြစ်ကြောင်း တင်ပြပါတယ်။

အဖွဲ့ဝင်များရဲ့ အမည်စာရင်းများကတော့-

| | | |
|---|---|---|
| (၁) | ဦးစောစိန်ထွန်း | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်( ၄ ) |
| (၂) | ဦးစောဘီစံသိန်းမြင့် | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၉ ) |
| (၃) | ဦးငွန်ဟေး | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁ ) |
| (၄) | ဦးဇခုန်တိန့်ယိန်း | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၅ ) |
| (၅) | ဒေါက်တာခင်မောင်ဝင်း | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) |
| (၆) | ဦးလှဦး | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၄ ) |
| (၇) | ဦးခင်ဝင်း | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂ ) |
| (၈) | ဒေါ်သီရိရတနာ | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) |
| ( ၉) | ဦးမောင်ကျော်ဇံ | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၉ ) |
| (၁၀) | ဦးစိုင်းစံအောင် | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်( ၁၂ ) |
| (၁၁) | ဒေါ်မမလေး | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်( ၈ ) |
| (၁၂) | ဦးနိုင်သီဟ | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၇ ) |
| (၁၃) | ဗိုလ်မှူးချုပ် ကျော်ကျော်စိုး | တပ်မတော်သား ကိုယ်စားလှယ် |

တို့ ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တောင်သူလယ်သမားရေးရာကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသား လူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာ ကိစ္စများကို လည်း လေ့လာတင်ပြစေရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော် ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်ပါတယ်။

ဒါကြောင့် တောင်သူလယ်သမားရေးရာ ကော်မတီကို(၁၅)ဦး ထက်မပိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းမှာ ဖြစ်ပြီး ကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ် ပါဝင် သင့်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အမည်စာရင်း၊ ကော်မတီကို တာဝန်ယူဦးဆောင်မယ့် ကော်မတီ

ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းများကို လွှတ်တော်မှာ တင်ပြပြီး အတည်ပြုချက် ရယူဖွဲ့စည်းရမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းခြင်းနဲ့ တစ်ဆက်တည်းမှာပဲ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ ကော်မတီရဲ့ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နဲ့ သက်တမ်းများကို လွှတ်တော်က သတ်မှတ်ပေးရန် လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာ ကော်မတီကို (၁၅)ဦးနဲ့ ဖွဲ့စည်းရန် လျာထားကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက တောင်သူလယ်သမားရေးရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်က သတ်မှတ်ပေးမယ့် တောင်သူလယ်သမား ရေးရာ ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ကော်မတီဝင်များရဲ့ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘမျိုးသိန်း အား ရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ကျွန်တော် နှုတ်ခွန်းဆက်သပါတယ်။ တောင်သူလယ်သမားရေးရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘမျိုးသိန်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်တွင် တောင်သူလယ်သမားရေးရာကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် သက်တမ်းတို့နှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ တောင်သူလယ်သမား ရေးရာကော်မတီရဲ့ တာဝန်ဝတ္တရားများကို ရှင်းလင်းတင်ပြပါမယ်။ ကော်မတီသည် ကော်မတီ၏လေ့လာတွေ့ရှိချက်များအပေါ် မူတည်၍ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် လွှတ်တော်သို့ အဆိုတင်သွင်းနိုင်ပါတယ်။ တောင်သူလယ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးရပါမယ်။ လွတ်လပ်စွာ စိုက်ပျိုး၊ ထုတ်လုပ်၊ သိုလှောင်၊ ကြိတ်ခွဲရောင်းချခွင့် ရရှိရေးကို ကူညီဆောင်ရွက်ပေးရပါမယ်။ လယ်ယာထွက်ကုန်များဖြစ်သည့် ကောက်ပဲသီးနှံများကို သင့်တင့်မျှတသည့် ဈေးနှုန်းရရှိရေးအတွက် ကူညီဆောင်ရွက်ပေးရပါမယ်။ လယ်ယာထွက်ကုန်သီးနှံများ အရည်အသွေးကောင်းမွန်မြင့်မားစေရေးအတွက် မျိုးကောင်းမျိုးသန့်နှင့် နည်းပညာရရှိရေးကို ကူညီဆောင်ရွက်ပေးရပါမယ်။ တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေ

လုံလောက်စွာရရှိရေး၊ လယ်ယာထွက်ကုန် ရောင်းချမှုအပေါ် အကျိုးအမြတ် လုံလောက်စွာ ရရှိရေးကို ကူညီဆောင်ရွက်ပေးရပါမယ်။ တောင်သူလယ်သမားများအတွက် အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များကို နည်းလမ်းရှာဖွေ၍ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အခါအားလျော်စွာ လွှတ်တော်သို့ တင်ပြရပါမယ်။

ဆက်လက်ပြီး ကော်မတီ၏ လုပ်ပိုင်ခွင့်များကို ရှင်းလင်းတင်ပြပါမယ်။ ကော်မတီသည် တောင်သူလယ်သမား အဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုလည်းကောင်း ၊ တောင်သူလယ်သမားနှင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းတို့မှ ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များကိုလည်းကောင်း၊ ဖိတ်ကြားပြီး မေးမြန်းဆွေးနွေးနိုင်ပါတယ်။ ထို့အပြင်ကော်မတီသည် အဖွဲ့ခွဲ၍ ဖြစ်စေ၊ လိုအပ်သော ပုဂ္ဂိုလ်များနှင့်ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ၊ လိုအပ်သည့် ပြည်တွင်းနေရာဒေသ တောင်သူလယ်သမား အဖွဲ့အစည်းရုံးများသို့ တာဝန်အရ သွားရောက်လေ့လာဆောင်ရွက်နိုင်ပါတယ်။ ထိုသို့ လေ့လာဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ရုံးသို့ ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်သည်များကို ကြိုတင်ညှိနှိုင်းတင်ပြပြီး လွှတ်တော်ရုံး၏ စီစဉ်ပေးမှုဖြင့် ဆောင်ရွက်ရပါမယ်။ ကော်မတီ၏ လေ့လာတွေ့ရှိချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ ပြုပြင်ပြောင်းလဲစီစဉ်ပေးရန်သင့်သော သို့မဟုတ် လိုအပ်သလို အရေးယူဆောင်ရွက်ရန်သင့်သော တွေ့ရှိချက်များရှိပါက လွှတ်တော်ဥက္ကဋ္ဌ ထံသို့ သက်ဆိုင်ရာအမှုတွဲနှင့်တကွ ပြည့်စုံစွာ ပြုစုတင်ပြရပါမယ်။

တောင်သူလယ်သမားအဖွဲ့အစည်းများနှင့် ပတ်သက်၍ ကော်မတီသည် လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးခြင်း၊ အခက်အခဲနှင့် လိုအပ်ချက်များ မေးမြန်းခြင်း၊ ဥပဒေနှင့် ညီညွတ်သော အကြံဉာဏ်များပေးခြင်း၊ လုပ်ငန်းတိုးတက်အောင်မြင်မှု ရှိစေရေးအတွက် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်ပါတယ်။ ဆက်သွယ်ဆောင်ရွက်လိုလျှင်ဖြစ်စေ၊ သွားရောက်လေ့လာနိုင်ရန်ဖြစ်စေ ၊ လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြ၍ ဥက္ကဋ္ဌ၏ ခွင့်ပြုချက် အရ လွှတ်တော်ရုံး၏ အစီအစဉ်ဖြင့်သာ တရားဝင်ဆောင်ရွက်ခွင့် ရှိပါတယ်။ တောင်သူလယ်သမား အဖွဲ့အစည်းများက ကော်မတီ သို့မဟုတ် ကော်မတီဝင်ထံသို့ ဆက်သွယ်လာလျှင် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ၍ ခွင့်ပြုချက်နှင့်အညီ လက်ခံတွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ သတင်းထုတ်ပြန်ခြင်းများ ပြုနိုင်ပါတယ်။ အကယ်၍ လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြရန် အချိန်မမီပါက တွေ့ဆုံဆွေးနွေးခြင်း ၊ ညှိနှိုင်းခြင်း ဆောင်ရွက်ချက်များကို လွှတ်တော်ဥက္ကဋ္ဌအား အချိန်နှင့်တစ်ပြေးညီ တင်ပြရပါမယ်။ တောင်သူလယ်သမားအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေး ဆောင်ရွက်ချက်များအား ဦးစားပေး အစီအစဉ်အလိုက် လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာများ ပြုစုတင်ပြသွားရပါမယ်။

ရပိုင်ခွင့်နှင့်စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့် ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့် ရှိပါတယ်။ ဒါ့အပြင် ကော်မတီဝင်များဟာ ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေး

ချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲတခြားဥပဒေ တစ်ရပ်ရပ်အရ အရေးယူ ခံရခြင်းမှ ကင်းလွတ်ခွင့် ရှိပါတယ်။ ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိပါတယ်။ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီ အစည်းအဝေးများသို့ တက်ရောက်ခွင့် စသည့်အခွင့်အရေးများလည်း ရှိပါတယ်။ သက်တမ်းမှာ ကော်မတီ၏ သက်တမ်း(၁)နှစ် ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လွှတ်တော်ဥက္ကဋ္ဌ က လိုအပ်ပါက ကော်မတီအမည် ပြင်ဆင်ခြင်း၊ ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးရေး တို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ် မင်္ဂလာပါခင်ဗျား။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တောင်သူလယ်သမားရေးရာ ကော်မတီ တွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို အမျိုးသား လွှတ်တော်သို့ တင်ပြခြင်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ တို့အရ တောင်သူလယ်သမားရေးရာ ကော်မတီကို လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ကော်မတီ မှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါ့မယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်သူလယ်သမားရေးရာ ကော်မတီကို (၁၅)ဦးနဲ့ ဖွဲ့စည်းမှာ ဖြစ်ပြီး ကော်မတီဥက္ကဋ္ဌ အဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း အား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်း အားလည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းသွားမည် ဖြစ်ကြောင်း တင်ပြပါတယ်။

အဖွဲ့ဝင်များရဲ့ အမည်စာရင်းများကတော့-

| | | |
|---|---|---|
| (၁) | ဦးနောင်နဂျာတန် | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၄ ) |
| (၂) | ဦးဘော်ရယ်စိုးဝေ | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်( ၃ ) |
| (၃) | ဒေါ်နော်ဆာမူထူး | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၁၁ ) |
| (၄) | ဦးသက်နိုင်စိုး | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၂ ) |
| (၅) | ဦးကျော်ဆွေ | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၁၁ ) |
| (၆) | ဦးစိုးအောင် | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၁၁ ) |
| (၇) | ဦးတက်ထွန်းအောင် | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၂ ) |
| (၈) | ဦးစိုင်းလုံစံခတ် | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်( ၇ ) |

(၉) ဦးခင်ဇော်ဦး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၃ )

(၁၀) ဦးအောင်မျိုး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၂ )

(၁၁) ဦးလင်းတင်ဋ္ဌေး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၄ )

(၁၂) မန်းတိုးရွှေ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၉ )

(၁၃) ဗိုလ်မှူးကြီးလှဝင်းအောင် တပ်မတော်သား ကိုယ်စားလှယ်

တို့ ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာ ကိစ္စများကိုလည်း လေ့လာတင်ပြစေရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော် ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ် ဖွဲ့စည်းနိုင်ပါတယ်။

ဒါကြောင့် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေး ဆိုင်ရာကော်မတီကို (၁၅)ဦး ထက် မပိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းမှာ ဖြစ်ပြီး ကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ် ပါဝင်သင့်တဲ့ လွှတ်တော် ကိုယ်စားလှယ်များရဲ့ အမည်စာရင်း၊ ကော်မတီကို တာဝန်ယူ ဦးဆောင်မယ့် ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းများကို လွှတ်တော်မှာ တင်ပြပြီး အတည်ပြုချက် ရယူဖွဲ့စည်းရမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းခြင်းနဲ့ တစ်ဆက်တည်းမှာပဲ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ ကော်မတီရဲ့ အဖွဲ့ဝင် ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နဲ့ သက်တမ်းများကို လွှတ်တော်က သတ်မှတ်ပေးရန် လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီကို (၁၅)ဦးနဲ့ ဖွဲ့စည်းရန် လျာထားကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်က သတ်မှတ်ပေးမယ့် အမျိုးသမီးနှင့် ကလေး သူငယ်အခွင့်အရေးဆိုင်ရာကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊

ကော်မတီဝင်များရဲ့ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြသောင်း အား ရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြသောင်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်တွင် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း နှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီရဲ့ တာဝန်ဝတ္တရားများကို ရှင်းလင်းတင်ပြပါမယ်။ ကော်မတီသည် အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ပေးရပါမယ်။ အမျိုးသမီးများ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု နယ်ပယ်အသီးသီးတွင် တန်းတူညီတူရရှိရေးကူညီဆောင်ရွက်ပေးရပါမယ်။ အမျိုးသမီးများနှင့် ကလေးသူငယ်များကို လူကုန်ကူးမှု၊ ခေါင်းပုံဖြတ်ခံရမှုများအား တားဆီးနှိမ်နင်းရေးတို့ကို ကူညီဆောင်ရွက်ပေးရပါမယ်။ အမျိုးသမီးများ အသက်မွေးဝမ်းကြောင်းပညာရပ်များနှင့် အလုပ်အကိုင်များ၊ အခွင့်အလမ်းများရရှိရေးတို့ကို ကူညီဆောင်ရွက်ပေးရပါမယ်။ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ ကျန်းမာရေးနှင့် ပညာရေး၊ မိသားစုဘဝတည်ဆောက်မှု၊ ကလေးသူငယ်များစောင့်ရှောက်ရေးတွင် မိဘနှင့် မိသားစုများ၏ တာဝန်ရှိမှုတို့ကို ကူညီဆောင်ရွက်ပေးရပါမယ်။ အရွယ်မရောက်သေးသော ကလေးသူငယ်များအား အလုပ်ခိုင်းစေခြင်း၊ စစ်မှုထမ်းဆောင်စေခြင်း၊ လူကုန်ကူးမှုနှင့် လိင်ကိစ္စဆိုင်ရာများတွင် အသုံးပြုခံရခြင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများ ရောင်းဝယ်မှုများကို ကာကွယ်တားဆီးခြင်းတို့ ကူညီဆောင်ရွက် ပေးရမှာဖြစ်ပါတယ်။

အမျိုးသမီးများနှင့် ကလေးသူငယ်များ အကြမ်းဖက်မှုပပျောက်ရေးတို့ကို ကူညီဆောင်ရွက်ပေးရပါမယ်။ ဆယ်ကျော်သက်အရွယ်ကလေးသူငယ်များ၏ ဘဝ ဘက်စုံတိုးတက်ဖွံ့ဖြိုးရေးတို့ကို ကူညီဆောင်ရွက်ပေးရပါမယ်။ သဘာဝဘေးအန္တရာယ်၊ စစ်မက်ဘေးအန္တရာယ်နှင့် အခြားအကြောင်းအရာတစ်စုံတစ်ရာကြောင့် ဘေးဒုက္ခရောက်လျက်ရှိသော အမျိုးသမီးများနှင့် ကလေးသူငယ်များအား ကူညီစောင့်ရှောက်ပေးရပါမယ်။ သက်ကြီးရွယ်အိုအမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးတို့ကိုလည်း ကူညီဆောင်ရွက်ပေးရပါမယ်။ ဆင်းရဲမှုလျှော့ပါးရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးများတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု တိုးမြှင့်ရေးတို့ကို ကူညီဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ကိုယ်အင်္ဂါမသန်စွမ်းသော အမျိုးသမီးများနှင့် ကလေးသူငယ်များပြုစုစောင့်ရှောက်ရေးတို့ကိုလည်း ကူညီဆောင်ရွက်ပေးရပါမယ်။

အမျိုးသမီးများနှင့် ကလေးသူငယ်များအခွင့်အရေးကို မြှင့်တင်ရေးနဲ့ ကာကွယ်စောင့်ရှောက်မှု ရရှိရေးအတွက် နိုင်ငံတော်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို လေ့လာစောင့်ကြည့်၍ လိုအပ်သည်များကို ပံ့ပိုးကူညီပေးခြင်းနှင့် ထိန်းညှိပေးခြင်းတို့ကိုဆောင်ရွက်ရပါမယ်။ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းဆိုင်ရာ အမျိုးသမီးများနှင့် ကလေးသူငယ်များဆိုင်ရာ ပြဋ္ဌာန်း

ချက်များ၊ ကြေညာချက်များ၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုကို လေ့လာသုံးသပ်ပြီး လိုအပ်ပါက ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြရပါမယ်။

မြန်မာနိုင်ငံတွင်ပြဋ္ဌာန်းထားသော အမျိုးသမီးများနှင့် ကလေးသူငယ်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့် ညွှန်ကြားချက်များနှင့်ပတ်သက်၍ ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ရေးဆွဲရန် လိုအပ်သည်ကိုတွေ့ရှိပါက ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြရပါမယ်။ အမျိုးသမီးများနှင့် ကလေးသူငယ်များဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ လွှတ်တော်၏ ဆုံးဖြတ်ချက်အရ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်လာလျှင် လိုအပ်သလို လေ့လာစိစစ်၍ ကော်မတီ၏ အစီရင်ခံစာကို ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ ပြန်လည်တင်ပြရပါမယ်။

ဆက်လက်ပြီးတော့ ကော်မတီလုပ်ပိုင်ခွင့်များကို ရှင်းလင်းပါမယ်။ ကော်မတီသည် မိမိတာဝန်များကို ဆောင်ရွက်ရာတွင် အစိုးရနှင့် အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုလည်းကောင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းတို့မှ ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များကိုလည်းကောင်း ဖိတ်ကြားပြီး မေးမြန်းဆွေးနွေးနိုင်ပါတယ်။ ကော်မတီသည် အဖွဲ့ ဖွဲ့၍ဖြစ်စေ၊ လိုအပ်သော ပုဂ္ဂိုလ်များနှင့်ဖြစ်စေ၊ ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ လိုအပ်သော ဒေသများသို့ လွှတ်တော်ရုံး၏ စီစဉ်မှုဖြင့် သွားရောက်လေ့လာ ဆောင်ရွက်နိုင်ပါတယ်။ နိုင်ငံတော်အတွင်း ဖွဲ့စည်းထားရှိသော ပညာရေး၊ ကျန်းမာရေးနှင့် သက်ဆိုင်သော အသင်းအဖွဲ့၊ အစည်းအရုံး၊ ကော်မတီအဖွဲ့အစည်းများသို့ သွားရောက်လေ့လာနိုင်ပါတယ်။ မေးမြန်းဆွေးနွေးနိုင်ပါတယ်။

အစိုးရနှင့် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့်ပတ်သက်၍ ကော်မတီသည် လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးခြင်း၊ အခက်အခဲနှင့် လိုအပ်ချက်များမေးမြန်းခြင်း၊ ဥပဒေနှင့် ညီညွတ်သော အကြံဉာဏ်များပေးခြင်း၊ လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်ပါတယ်။ အစိုးရနှင့် အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများက ကော်မတီ သို့မဟုတ် ကော်မတီဝင်ထံသို့ ဆက်သွယ်လာလျှင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်နှင့်အညီ လက်ခံတွေ့ဆုံ ဆွေးနွေးညှိနှိုင်းခြင်း၊ သတင်းထုတ်ပြန်ခြင်းများပြုလုပ်နိုင်ပါတယ်။

ကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ ပြုပြင်ပြောင်းလဲ စီစဉ်ဆောင်ရွက်ပေးရန်သင့်သော သို့မဟုတ် လိုအပ်သလို အရေးယူဆောင်ရွက်သင့်သော တွေ့ရှိချက်များရှိပါက လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြရပါမယ်။ ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ တာဝန်ရှိသူများအား လွှတ်တော်ရုံးမှတစ်ဆင့် ဖိတ်ကြားဆွေးနွေးမှု ပြုလုပ်နိုင်ပါတယ်။ ကော်မတီသည် လုပ်ငန်းနဲ့ပတ်သက်သည့် မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့် ညွှန်ကြားချက်များနှင့် စာရင်းဇယားများကို လွှတ်တော်ရုံးမှတစ်ဆင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများထံမှ တောင်းခံနိုင်ပါတယ်။

ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများ၊ အခြားဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများမှ ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများကိုလည်း ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်နိုင်ခွင့်ရှိပါတယ်။ ကော်မတီသည် လိုအပ်သည့် နယ်မြေဒေသများသို့

သွားရောက်လေ့လာရန် ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော် ဥက္ကဋ္ဌထံသို့ ခွင့်ပြုချက်ရယူရမှာဖြစ်ပါတယ်။

ရပိုင်ခွင့်နဲ့စပ်လျဉ်းပြီးတော့ ဆက်လက်တင်ပြပါမယ်။ ကော်မတီဝင်များသည် ကော်မတီ လုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံး စိုက်ရာဒေသတွေကို ရောက်ရှိနေစဉ်၌လည်းကောင်း၊ ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက် အရ ခရီးသွားလာရာ၌လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိပါသည်။ ဒါ့အပြင် ကော်မတီဝင်များဟာ ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေး ချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှလည်း ကင်းလွတ်ခွင့်ရှိပါတယ်။ ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိပါတယ်။ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်များစီရင်ခြင်းမခံရမီ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီ အစည်းအဝေး များသို့တက်ရောက်ခွင့် စသည့် အခွင့်အရေးများလည်းရှိပါတယ်။ ကော်မတီရဲ့ သက်တမ်းကတော့ ကျွန်တော်တို့ ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လွှတ်တော်ဥက္ကဋ္ဌ က လိုအပ်ပါက ကော်မတီအမည်ပြင်ဆင်ခြင်း၊ ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၀၆ တို့အရ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီကို လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါ့မယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေး ဆိုင်ရာကော်မတီကို (၁၅)ဦးနဲ့ ဖွဲ့စည်းမှာ ဖြစ်ပြီး ကော်မတီဥက္ကဋ္ဌ အဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာမြသောင်း အား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါ်နော်လှလှစိုး အားလည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည် ဖြစ် ကြောင်း တင်ပြပါတယ်။

အဖွဲ့ဝင်များရဲ့ အမည်စာရင်းများကတော့ -

| | | |
|---|---|---|
| (၁) | ဦးကျော်သန်း | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်( ၈ ) |
| (၂) | ဦးစောယှားဖောင်အွာ | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၁၂ ) |
| (၃) | ဒေါက်တာတင်တင်ဝင်း | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၅ ) |
| (၄) | ဦးကျော်ကျော်ဝင်း | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၈ ) |
| (၅) | ဒေါ်မေသန်းနွဲ့ | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၁၁ ) |
| (၆) | ဦးကျော်နိုင် | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၁၂ ) |
| (၇) | ဦးအေးမင်းဟန် | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၁ ) |
| (၈) | ဒေါက်တာဝင်းမြင့်ချစ် | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၈ ) |
| (၉) | ဦးတင်ဝေ | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၆ ) |
| (၁၀) | ဦးဝင်းမောင် | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၆ ) |
| (၁၁) | ဦးမောင်မောင်ဆွေ | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၉ ) |
| (၁၂) | ဦးညီစိန် | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်( ၅ ) |
| (၁၃) | ဗိုလ်မှူးကြီး မြင့်ဆွေ | တပ်မတော်သား ကိုယ်စားလှယ် |

တို့ ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် သတ္တမနေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး သတ္တမနေ့ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၀း၅၀ နာရီ အချိန်တွင် ရပ်နားပါသည်။]